# Transit



☐ နိုင်ငံကူးလက်မှတ်

☐ ဗီဇာလျှောက်လွှာပုံစံ

☐ ဓာတ်ပုံ （၄၅မီလီမီတာx၄၅မီလီမီတာ၊ ၆လအတွင်းရိုက်ကူးထားသောပုံ）

☐ လေယာဉ်လက်မှတ်(အသွားအပြန်)ကြိုတင်မှာထားကြောင်းအထောက်အထား
(ဂျပန်တွင်ခရီးတစ်ထောက်နားမည်ဖြစ်ကြောင်းသိသာစေသောခရီးစဉ်အတိအကျပါသောလက်မှတ်)

☐ သွားရောက်မည့်နိုင်ငံ၏ပြည်ဝင်ခွင့်ဗီဇာ သို့မဟုတ် ပြည်ဝင်ခွင့်ပြုကြောင်းအထောက်အထား

☐ အောက်ပါတို့အနက်မှ တစ်ခု

①ကုမ္ပဏီဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာကုမ္ပဏီမှ ထုတ်ပေးသော<u>အလုပ်အကိုင်ထောက်ခံစာ</u>
（ရာထူး၊ အလုပ်ဝင်သည့်ရက်စွဲ၊ လစာ၊ ခွင့်ရက်စသည်တို့ကို ထည့်သွင်းဖော်ပြရမည်။）

②ကျောင်းသားဖြစ်ပါက <u>ကျောင်းတက်နေကြောင်းထောက်ခံစာ</u>နှင့်
<u>အုပ်ထိန်းသူ၏</u>အလုပ်အကိုင်ထောက်ခံစာ

③အိမ်ထောင်သည်မှီခိုစသည့်မှီခိုသူဖြစ်ပါက <u>မိမိမှီခိုနေသူ၏</u>အလုပ်အကိုင်ထောက်ခံစာ

☐ ဘဏ်စာအုပ် （မူရင်းနှင့်မိတ္တူ）

**စာရွက်စာတမ်းအားလုံးသည် ထုတ်ပေးသည့်ရက်စွဲမှ ၃လအတွင်း ဖြစ်ရမည်။**

**<u>မြန်မာလိုရေးထားသော စာရွက်စာတမ်းအားလုံးကို မူရင်းနှင့်ဘာသာပြန် （ဂျပန်သို့ မဟုတ် အင်္ဂလိပ်） နှင့် မိတ္တူတစ်စောင်စီ</u>တွဲ၍တင်ပါ။**

**အထူးတလည်ဖော်ပြထားခြင်းမရှိသော စာရွက်စာတမ်းများသည် မူရင်း(တစ်စုံ) တင်ပြရမည်။**

ပထမဆုံးအကြိမ် ဂျပန်နိုင်ငံသို့သွားရောက်မည့်သူများ၊ သွားမည့်ရည်ရွယ်ချက်၊ တစ်ဦးချင်းစီ၏ အခြေအနေ၊ စသည်တို့ပေါ်မူတည်၍ အခြားလိုအပ်သောစာရွက်စာတမ်းများ ထပ်မံတင်ပြရန် တောင်းဆိုမှုများရှိနိုင်ပြီး လျှောက်ထားသူနှင့် အင်တာဗျူးခြင်း၊ ဂျပန်၏ နိုင်ငံခြားရေးဝန်ကြီးဌာန၌ စစ်ဆေးခြင်းစသည်များ ပြုလုပ်ရန်လည်း လိုအပ်နိုင်ပါသည်။ အဆိုပါအခြေအနေမျိုးတွင် ဂျပန်ထွက်ခွာရန်စီစဉ်ထားသောနေ့အထိ စီစစ်၍မပြီးနိုင်သည်များလည်းရှိသောကြောင့် အချိန်ယူ၍ စောလျင်စွာ လျှောက်ထားစေချင်ပါသည်။ (လျှောက်ထားသည့်ရက်မှ ၁၀ရက်ကျော်သည်အထိ သံရုံးမှ`အကြောင်းကြားခြင်းမရှိလျှင် ဖုန်းဖြင့်လည်း စီစစ်မှုအခြေအနေကို စုံစမ်းမေးမြန်းနိုင်ပါသည်။ ထိုသို့မေးမြန်းရာတွင် လက်ခံဖြတ်ပိုင်း(စလစ်)တွင် ကပ်ထားသော ဘားကုဒ်နံပါတ်နှင့်လျှောက်ထားသူအမည်ကို ပြောပြရပါမည်။)